ရန်ကုန်မြို့နှင့် နယူးဒေလီ - အင်္ဂလန်မြို့များမှ

ပဓြ အသံလွှင့်ဟောပြောနေသော

နိုင်ငံကျော် ဓမ္မကထိက

ကမ္ဘာ့ဗုဒ္ဓဘာသာ — သာသနာပြု ဦးစီးအဖွဲ့ချုပ်၏

မဟာ နာယက

ဘိလပ်ပြန်

# ရှင်ဘို ဦး အာ သဘ ၏



# ဗုဒ္ဓဇာတပကာသနီကျမ်း

၁၈၃၇၈

နိုင်ငံကျော် ဓမ္မကထိက

ကမ္ဘာ့ဗုဒ္ဓဘာသာ — သာသနာပြု ဦးစီးအဖွဲ့ချုပ်၏

မဟာ နာယက

ဘိလပ်ပြန်

## ရွှေဘို ဦးအာဘာဘ



# ဗုဒ္ဓဓရဝတ [illegible] ဘာသာသမိုင်းကျမ်း

# ဩကာသ ကံတော့ခန်း

## ဩကာသ ဩကာသ ဩကာသ

အကုသိုလ်ကာယကံ၊ အကုသိုလ်ဝစီကံ၊ အကုသိုလ်မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှါ ပဌမ၊ ဒုတိယ၊ တတိယ၊ တကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာ မြတ်သုံးပါးနှင့် တကွ အမိ အဘ ဆရာသမားတို့အား အကျွန်ုပ် လက် အုပ် မိုး ၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကံတော့ပါ၏။ ကံတော့ရသော ကုသိုလ်ကံ စေတနာကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ် ရှင်ပါး ရန်သူမျိုးငါးပါးဝိပ္ပတ္တိတရားလေးပါး၊ဗျသနတရားငါးပါး၊ အနာအမျိုး၉၆-ပါး သုံးဆယ့် နှစ်ပါးသော ကံကြမ္မာ၊ နှစ်ဆယ့် ငါးပါးသောဘေး၊ တဆယ့် ခြောက်ပါးသော ဥပ္ပဒဝေါ ဆယ်ပါး သောဒါဏ်တို့မှ ကင်းလွတ်သည်သာဖြစ်၍ ဈာန် တ ရား မဂ် တ ရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင် ဘုရား။

### ခန္ဓာကိုယ် ဆုံးမသံပေါက်

၁။ သူ့သူ့ ငါငါ ကိုယ်ခန္ဓာ လွန်စွာယုယသည်။
၂။ ကိုးဆယ့်ခြောက်ဖြာ တွေ့ကြုံမှာ လွန်စွာစိုးရိမ်သည်။
၃။ တိုက်ဆွေးကုန်ဟာ ကိုယ်ခန္ဓာ လွန်စွာတူလှသည်။
၄။ တိုက်ဆွေးသိလျက် စျေးကိုတက် သက်သက်နစ်နာမည်။
ရောင်းရငွေဟာ အမြတ်သာ စိတ်မှာထားရမည်။

နိုင်ငံကျော် ဓမ္မကထိက
ရွှေဘို ဦးအာသဘဟောပြောသော

# ဗုဒ္ဓဇာတပကာသနီကျမ်း

မြန်မာပြည်နှင့် နိုင်ငံခြားပါ ဗုဒ္ဓဝါဒ ပြန့်ပွါးရန် အမြဲတရား ဟောနေသော နိုင်ငံကျော် ဓမ္မကထိက ရွှေဘို ဦးအာသဘသည်၊ ၁၃၁၅-ခုနှစ် သီတင်းကျွတ် လဆုတ် ၁၀-ရက် နေ့က သီဟိုဠ်၊ အိန္ဒိယ၊ ဂျပန်၊ ဟောင်ကောင်၊ ကောင်းလုံ၊ စင်္ကာပူ၊ ပီနံ၊ ဂျိုဟိုး၊ ယိုးဒယား၊ ဘန်ကောက်၊ ဇင်းမယ်-စသော မြို့များသို့ လှည့်လည်ပြီး ဗဟုသုတ ရှာမှီးခဲ့ရာ၊ ၅-နှစ်ကျော်မျှ ရှာ မှီး ခဲ့ ပါ ကြောင်း၊ ၎င်း ဗဟုသုတတို့ကို တရားပွဲတိုင်း ဟောပြောလျက်ရှိပါကြောင်း၊ ယခု တိုင်း သူ ပြည် သား နှင့် နိုင်ငံခြားသားများ သိ စေ ရန် ဗုဒ္ဓဇာတ ပကာသနီကျမ်းအတိုင်း လှည့်လည်ဟောပြောလျက်ရှိလေသည်။

**တရားနာယူလိုကြသော ပုဂ္ဂိုလ်များ ဆုန်းကြီးကို ပင့်လိုပါက (နှစ်လ) လောက် ကြိုတင်ပြီးပင့်ကြရန် လေးနက်စွာ မေတ္တာရပ်ခံပါသည်။**

ရွှေဘို ဦးအာသဘကျောင်း
သင်္ကန်းကျွန်းလမ်းဆုံ၊ တာမွေလေးရပ်
ကန်ဘဲ့စာတိုက်၊ ရန်ကုန်မြို့။

အထက်မဗမာပြည် အတွက် ပင့်ရန်ဌာန
ရွှေဘို ဦးအာသဘ
အောင်မြေရွှေဘုံကျောင်း၊ မင်းကွန် တိုက်
ဒေးဝန်းရပ်၊ မန္တလေးမြို့။

တေးထပ်။ ။ပါရမီအရှိန်ပြေ့ (ပြည့်) ပါတဲ့ အိန္ဒြေ့မြတ်ရှင် သိရ်သရေ့ ဒြဗ်ထင်သည်၊နတ်သဘင်ခြိမ့်သဲ။ ။မြတ်ဗုဒ္ဓ အလောင်းသျှင်ကို၊ တသောင်းခွင် တောင်းပန်သည့်ပွဲ။ ။နတ်သက်တန်း ခုချွေရှာစုတေကာပြတ်စဲ။ လူ့ပြေ (ပြည်) ရွှာ တပ်စွဲလို့ဇာတ်ကန်နဲ့ ဝင်ခို။ ။လုမ္ဗိနီ မြိုင် အင်ကြင်း မှာ လ၊ ခိုင်ပင်မင်း မွေးပြန့် ရောင်စို။ ။မွေးမိမြတ် နန်းကျော့ပျိုမှာ၊ ပန်းဖေါ့လို နွယ်တဆူ့ ကိုလ၊လွှယ်တကူ့ဘွားလတ်စင်စင်၊သွားမြက်သျှင်ပင်။လောကဓါတ် ကမ္ဘာတခွင်မှာ၊မဟာလျှင့်တော်လဲလို့လေး။

---

တေးတပ်။ ။ကျွန်းဇမ္ဗူ တသောင်းထိပ်မှာလ၊ ကောင်းအတိတ် ဆင်ပန်၊ဒေါင်းတံဆိပ် သွင်ဟန်လို၊ အင်မတန်ကျော်ကြား။ ဘုရား မြတ် မွေးမိခင်ကို၊ တွေးကြည့်လျှင် သိကြစေသား၊ အဂ္ဂလိုဏ်နန်း စမုဒ်ဂူမှာ၊ ရုပ်အတူထုထား၊ ကမုဒ်ကြူ စုဘုရားငယ်က၊ ယခုဘွား ပုံသွင်။အင်ကြင်းမြိုင့်၊ဗန်းဂနိုင်ဇကွ မှာလ၊နွမ်းယိုင်၍ဖြစ်ရလေအင်၊ လောကဓါတ် နယ်တခွင်မှာ နွယ်သဇင် မိမယ်မြတ်ဟာမို့၊ သိဘွယ် အမှတ်ပြုရလေပြီ၊ အတုလဒေဝီ။ ။ရှုမဝ မဟေသီဝယ်၊ ကေရီ ထွတ်မှူးရှင့်လေး။

---

လေးချိုး။ ။မြှော်ကာမူ ပွေလောင်ကျွမ်းစေဘို့၊ နော်မာငူ ငွေ့သောင်ကမ်း ဆီမတော့၊ ဝေမှောင်လွှမ်းပါလို့ ညိုရီ ၊။ ။ မြတ်အလောင်းငယ်က တပ်ပေါင်းဗိုလ် တဏှာတို့ကို ဖြိုခွါကာ အကျွန်ရှင်းမဟဲ့လို့ ခွင်းတဲ့နေရာ။ ။ဃဋီကာ လျှူသက်နှုးကိုလ၊

ကသိဏာ ယူထင်မှန်းရန်လို့၊ မူသွင်ရဟန်းကိုတဲ့ ဆောင်လျက်သာ၊ ရှောင်ထွက်ခွါပါတဲ့ အောင်မြေစခန်း။တွေ့ကြုံသူ ငွေ့လှုံဆူ ဘဝင် သွေးငယ်က တောက်ပြောင်ကာ မြောက်တောင်ညာ ဘယ်ဝယ် တွေးလို့ရယ်ကွယ်–ဆွေးမှိုင်လျက်ပမ်း။ ။

**မြန်မာဂါထာ ရှစ်လုံးဘွဲ့ကဗျာ။**

(က) ဥရုဝေလ–ဒေသမြိုင်ငူ၊
အလောင်းတော်မြတ်–ကျင့်လတ်တော်မူ၊
ခြောက်နှစ်ပတ်လုံး–ရှင်ပြုံးကြည်ဖြူ၊
မဆုတ်မှန်း–လုပ်ငန်းအောင်လံထူ။ ။

(ခ) ထိုရောကာလ–ပဥ္စဝဂ္ဂီ၊
လက်ဦးရှေ့ဖျား–တွေ့ငြားစုံညီ၊
အလောင်းတော်မြတ်တို့–ခေါင်းညွတ်ခိုမှီ၊
မှတ်အသား–တည်ထားကြ၍စေကာ်။ ။

ဒွေးချိုး။ ။မြိုင် ခန်း ဝါ မှာ လေ လိုဏ် နန်း သာ ဂူ ချောင် မှီးပါလို့ ပုတီးကို အသာကိုင်၍ ဂနိုင်ပျော်ပါး။ ။ဘုရားလောင်း မှာလ၊ အများကောင်းရန့်ဘို့၊ တရားကြောင်း ဖွေရှာမျှော်၍ ကေ စာနှော် အကျင့်အားတွေနှင့်၊ အဆင့်ဆင့်ပွါးကာ မဂ်ဖိုလ်ငြမ်းကို ကွယ်၊ လှမ်းခဲ့စိတ်ထား။

တေးတပ်။ ။သေနာနီ သူငွေ့သမီးရယ်လို့၊ အ ဝေး အ နီး ကျောညာ၊ အ ရေး တ ကြီး မ နေ သာ သည်။ စေတနာ သန့်ရှင်း၊ လောင်းတော်မြတ် တို့မဟာကိုးနို့ဃနာ ဆက်ကပ်ဝပ်စင်း၊ ဦးအစ–

ထူးလှပေသည်၊မြူးကြွဝေ ထင်လင်း၊ ဖူးရပလေ အသျှင်သေဌ်နှင်း ကိုလ မြင်မြင်ခြင်းသဒ္ဒါ။ ။တပည့်တော် ရှင်နှလုံးလိုပ၊သခင်ဘုန်း ပြည့်ဝစေရာ။ ။နှုတ် သံ မြွက် ဆု ခ ါ ါ သု ဇာ တာ ရင့် ကျူး လို့၊ ရှင်မြူးသဖြင့် ဝမ်းမြောက်လိုက်ပုံ လျှမ်းတောက်မြိုက်ဘုံ၊ သမ္ဗုဒ္ဓ ဘဝကြုံပြီ၊ လ,ကဆုန် ပုဏ္ဏမို့လေး။ ။

---

တေးထပ်။ ။မြင်ရပုံ စုံအစေ့၊ရဂုံကွေ့ တောခြေ၊ လုံတမေ့ ချောတမေရယ်၊ အမောပြေမျှော်ငဲ့။ ။စိမ်းပြာလဲ့ သီတာရေမှာ စီမြွာချွေ မြွက်ဟာပုံကွဲ့။ ။စက္ခုဓါတ် ရသာဆောင်တယ်၊ ကြွလာပါ မောင်ရဲ့၊တ,ကာသာ မျှောင်ကာ နွဲ့သလိုပ၊သောင်သာတဲ့မြစ်မှာ။ ။ ငွေ့သဲဖြူ ကမ်းယံဖွေးသလိုပ၊ လွမ်းသံကြွေး ဟစ်တဲ့ပမာ။ ။ စက်တော်ကြူး ဘွေသဥ္စာလို၊ နေရဥ္စရာ ရှုမျှော်ခင်းကိုလ၊ ညုပျော် ရင်း တွဲဘက်စုံမည်၊နွဲ့လျှက်ထုံကြည် ပုလဲခက် ပဒုမ္မနီရယ်....စုံအညီ သွားပါစို့လေး။ ။

---

လေးချိုး။ ။ညောင်ဗုဒ္ဓဟော ပင်ခြေရင်းမှာလှ အောင်နှုတ်ချွေ ပလ္လင်ဗွေချည်းပါလို့ ရှင်စေခြင်းငယ်တဲ့ ဖြစ်တော်မူ။ ။မာရ်နတ် မင်း မာန်တင်းကာ ကိုယ်တိုင်လာ၍၊ ဖိုချိုင်ကာ လက်နက်အစုံနှင့် ခွင်းသော်လဲ ကိုယ်ပိုင်ရှာ ထက်မြက်တဲ့ ဂုဏ်သတင်းတွေကြောင့်၊ သင်းပြန့်ကြူကြူ။ ။နှုန်းမကုန် သုံးဘုံမကိုဋ္ဌဟာမို၊ အလုံးစုံ ကျူး ခြုံလို့ တိုက်သော်လဲ ပြုံးရုံအလိုက်ငယ်တဲ့ ပြုံးဟန်ယူ၊ အသုံး မတန်သူတွေမှာဖြင့် ရှောင် ကာ ကွင်း၊ (အိုကွယ်) ဘုန်းသယမ္ဘူ ငယ် ကြောင့် အောင် ရာ အ ခင်း။ ။စောသတ္တာ၊ လောကဓါတ် နယ်ကမ္ဘာ၌ ဘယ်သတ္တဝါ ပြိုင်ကာတုသော်လဲ မဖွယ်မရာ နိုင်ရှာမဲ့

အမှုကိုလ ယခုနေ့ခင်ရဘို့ဝေးပါရဲ့ ပြဒု ညောင် မှာလေ့တ, လို့သာ
ငေးရပါလိမ့် (အိုကွယ်....) တွေးဆကြံရင်း။

---

လေးချိုး။ ။သဒ္ဒါဇောအတိသွေ့မဖိ အထူးရှင်ပြပုံက၊ဘဂဝါ စောဇီ မွေ့သရီကို ဖူးမြင်ရရုံနှင့်၊ ဦးတင်သချင်ပေါ့ ကြည်ဇောလှိုင်။ ။အရိပ်အေးပါပေ့၊ အရေးအပယ်ပုံသို့၊ စပယ်ငုံ့နှင်းဆီ ပေါ်တယ်၊ တော မြတ် ကြိုင် ကြိုင်။ ။မု ဥ္ဆ လိန် အိုင် တော် မင်းယံက၊ ဘုံဝတိန် ပြိုင်မြှော်ခင်းသလိုပ။ မြိုင်တော် အတွင်းမှာတဲ့ အထူးဆိုင်၊ အဖူးအခိုင်တွေနှင့် သွင်မူတပါး။ ။မြတ်စွာ့ဘဂဝါမှာ လေလေ့၊ မြတ်စွာ့ ဘ ဂ ဝါ မှာ သတ္တဌာဝင် တ ပါး ပေ ပေါ့၊ ရှင်နဂါး မုဥ္ဆလိန်က၊ ဘုံဝတိန် သလွန်ဘွေ့ရပ်သလိုပ၊ ခုနှစ်ခွေ ပတ်ကာ မိုးကိုဖုံးပါလို့၊ ညွန် တွေ့ မ ကပ် အောင် လေ တန် ခိုး ကို သုံးရှာရ၊ မညှိုးညိုသမို့ ဂမုန်းခိုင် အထူး စေတနာအရောင်တွေ ထွားလှချေရဲ့၊အိုဗျာ အကျိုးလိုလို့ မဆုံးနိုင်ဘု ဝေ ဖြာ ထောင် ရောင်နေအလား။

---

တေးထပ်။ ။လှည်းကုန်သည်ဥက္ကဌ၊တပုဿနောင်ညီ၊ ဓမ္မုဿဝ ရောင်ခြည်မှာ၊ ပြောင်ကြည်ကာထိန်စ၊ လင်းလွန်းပင့်၊ နန်းပလ္လင်၊ မြန်းအလျှင် ကြွရောက်ကာလ၊ ထိုအခိုက် တူနှစ်ဖေါ်၊ အပူဇော် ဝင်ကြ၊တူပျော်ပျော် ရွှင်ပြလို့၊ ဘဝင်ဟဒယအေးကြည်၊မြတ်ဗုဒ္ဓါ ဌာန်တော်ပါးမှာလ၊ ဆံတော်များ ရကြလေသည်။ သုံးလူ့မင်း မြတ်ကေသရီမှာ ဓါတ်စေတီ မပြတ်သုံးကြဘို့၊အမြတ်ဆုံးဆံကေသာ ချီးမြှောက်ပေတာ။ ။ရဂုံမြိုင့် ဤနေရာဝယ်၊ ပြည်ခေမာရှောက် ကြောင်းကွဲလေး။ ။

လေးချိုး။ ။ရာဇင်္ဂြိုဟ် ယခေါင်အခြေ ပြရမှာဖြင့်၊ စာအဆို
မြေနဂရပေပေါ့၊ တောင်သေလရယ်က ငါးလုံးတည်၊ ဣသိဂိ—မည်ရှိ
ဝေဘာရံနှင့်၊ဝေပုလ္လံ, ပဏ္ဍဝင့်ပြင်၊ ဂိဇ္ဈခေါ် တောင်ညီမြရယ်တို့
ဝန်းခပတ်လည်။ ။ဝေဠုဝန် ကျောင်း မ ဟာ က နက် ငယ် က၊
မြေ ထု လွန် ပြောင်း ကာ တက်ပါလို့၊ အဟောင်း ရာကွက်သာပ
မြင်လေသည်၊အသျှင်ပရပေကို ရည်ပါလို့ စိတ်ကကူး၊ နှစ်ပေါင်း
ငယ်ကြာ၊ ခေတ်ကောင်းဟိုချိန်ခါက၊ ဗိမ္ဗိသာ ဘုရင်လှူခဲ့တဲ့၊
သွင်မူကို မှန်းကာ ဆရာတယ်ကွယ်၊လွမ်းတ, မျှော်ဖူး။ ။

---

တေးထပ်။ ။ရာဇင်္ဂြိုဟ်နေရာကျပါပေ့၊ဝေဘာရတောင်ရံ။ ။
ပြေဠွာန တ ပေါင် ကျန် တယ် နောင် တ ဖန် ရွှေကျောင်း။ ။
ပန်းရနံ့ အရှိုန်ဖြွာ၊ ဗိမ္ဗိသာ ထူးလို့ကံကောင်း၊ ကျောင်းအရန့်
နန္ဒဝန်လို၊ စံ တံ ခွန် မူ ဟောင်း၊ ဟန် အ မွန် တူ မ စောင်း ပြီ ဘု၊
လူအပေါင်းအာရုံ။ ။ဇော့ဗုဒ္ဓါ မြတ်ဘုရားရယ်နှင့် ဓါတ်တရား
ကိန်းတဲ့ရွှေဘုံ။ ။သုံးလောက အထွတ်ဆုံတယ်၊ကရွှတ်မြုံ ဝင့်စက်
တွင်းငယ်က၊ လွတ်ထွက်ခြင်း လင်းဓါတ်ထိန်ဖြာ ဆင်းမြတ်သိင်္ဂါ၊
သတင်းအရပ်ရပ် အရှိန်အဝါမှာ ဝတိန်သာ ပြိုင်ရှူးရဲ့လေး။

---

ဒွေချိုး။ ။ငွေတံခွန်သဖွယ်လေ၊ ဇေတဝန် ဝိဟာကျောင်းငယ်က
တပည့် ဘကာ အပေါင်းတွေ အစုံပျော်တဲ့ ရဂုံတော်နန်း။ ။
မြတ် စင်း ကြန်၊ ကပ်ချဉ်းကာ တခါဖန်လို့၊ ရတနာ အတန်တန်
တွဲသီ၍ ထားသလိုပ၊ မဟာဆန်ဆန် တ ကဲ မှီ အ လား ရယ် လို့
စိတ်သန်သန် နိဗ္ဗာန်သွားရအောင်ကွယ်၊ အားထုတ်မျှော်မှန်း။ ။

**တေးတပ်။** ။ဇာတ်ပင်ကိုယ် သဒ္ဒါစိမ့်ပါတဲ့၊ နာထပိဏ်၊ သူမှန်၊
ကမ္ဘာသိမ့် ဇမ္ဗူချွန်တယ်၊ တူ့အလွန်ရှိဘူး၊မြတ်ဘု နန်း ဇေတဝန်ကို၊
ငွေသွန်ကာ ဆောက်သူ့တဦး။ ။နိဗ္ဗာန်နန်း ပြည်ခေမာ၊ ရည်ချွေ
ကာ စိတ် ကူး၊ ကြည် စေ တ နာ ဖိတ်ဖိတ်မြူးပါလို့၊ ဘိသိက်သွန်း
သွတ်ယူ။ ။ကျောင်းဒကာ သဒ္ဒါငွေသူမို့ နံ့သာမွှေး သင်းပြန့်
လှိုင်ကြူ။ ။သုံးလောက ထွတ်ဘုန်းလူမှာ၊ ဝဋ်သုံးငူ ကမ်းဆွယ်
သဘ်ရာမို့၊ နန်းလယ်မြတ် ထူးတင့်နေရာ ဖူးပွင့်ကေညှာ၊ ခူးသချင့်
ဝေဝေဆာသည် ပဒေသာ ပင်လုံးကျွတ်လေး။

---

**လေးချိုး။** ။သဒ္ဓါ အ ရှိန် ကောင်း ရှာ တဲ့ နည်း ရယ် နှင့်၊
အနာထပိဏ် ကျောင်းဒကာကြီးကိုလ၊အပေါင်းသဟာ မှီးလောက်
ပါရဲ့ ဉာဏ်ဂုဏ်ယှဉ် (အိုကွယ်) အလောင်းအလျာ ခ ရီး ပေါက်
သလိုပ စံပုံတင်။ ။ပဂေးကြွယ်သနော်၊ လေးဆယ်ကျော် ကုဋေ
သွန်လို့၊ ဇေတဝန် ဝိဟာကျောင်းကိုလ ကောင်းမြတ်စီစဉ်၊ ဘုရား
မြတ်စွာ ကိန်းရာရပ်ခပေပေါ့၊တဲ့ပြေးခါကြ်ရှာ ငြိမ်းအမတာ ကပ်ရန်ဘို့၊
သိန်းကမ္ဘာ မပြတ်အောင်ပ ဉဒါန်းတွင်၊ လူ့ ငြိမ်း တ ခွင် မှာ ဖြင့်
တည် စေ ကြောင်း၊ (အိုကွယ်) ရှူ မ ခန်း မဂ် လာ ပါ ကွဲ ဤ မြေ
အဟောင်း။ ။ပြိုပျက်ကာ ငုံမျက်နှာ တကြူကြူနှင့် တပူပူ မှန်းချွေ
ဆပါလို့ တဆူဆူ လွမ်းရေစကိုလ၊ ကမ္ဘဌာန်းအနေ-လမ်း အ ခြေ
ပြသလိုပ၊ သန်းကုဋေမဟာ ကျွတ်ပွဲဝင်ကာ ပြောင်းကြတဲ့ (အိုကွယ်)
နန်းမြေအမတအတွက် တကဲတင်ရာကျောင်း။ ။

---

**လေးချိုး။** ။အလော်မာ ရှောင်မြော်လို့ မကွင်းနိုင်တော့၊
ယသော်ဓရာ မောင်တော် အရင်းပေမဲ့၊ နောင်တော်သေဌ်နင်းကိုတဲ့

အ သေ သတ် မ ဟဲ့ လို့ တ ကယ် ကြုံ (အိုကွယ်) လှောင်သရော်—
ပြောင်ချော်တဲ့အသင်းတွေနှင့် ဒေဝဒတ်ရဲ့ မဖွယ်ဉာဏ်၊ သြော်....
ဒေဝဒတ်ရယ်လို့ မြေရပ်မှာ ကျော်ပါပေရဲ့၊ မတော်မရာတွေကို
ပြုရှာတဲ့ အလုပ်မှာဖြင့် အဖေါ်သဟာယေ စုကာထုတ်ပါလို့၊
အမှုမသမာ သူ့ဝါသနာအထွေး အရှုပ်ဟာကွယ် ဘေးဒုက္ခဖန်၊
နောက်နှောင်းအစဉ် ရာဇဝင်သွင်းလောက်ပါရဲ့၊ ကျောက်မောင်း
ဆင်ကာ ဘဂဝါအသျှင် သေဌ်နှင်းကိုလ၊မရ...ာအလျင် ချဉ်းရန်ဘို့
လှ မ့်ချပြန်၊ အဘိဇ္ဈာ သန်ပါပေရှဲ့ယောက်ဖတော်တပါး၊သြော်....
ထိပ်စရာ့က ်တွေမို့ ထောက်ဆမြော်ကာ့ သနား။ ။ဘုရားသျှင်
မှာလေလေ့ ဘု ရား သျှင် မှာ သ နား ကြင် နာ နှင့် အ စဉ် မ ကွာ
ထောက်မျှော်လို့ ရှုသော်လဲ၊ အတုမာန် သူကစောတာမို့၊ မပြုတန်
တာတွေကိုလေ....ပြုပြန်တဲ့ သဘောဟာကြောင့်၊ ဒေါသဇောအခြေ
မှု၍ ပွေဆူကာ နေမရှုတာနှင့် သြော်....ဖြေ စ ၍ မ လျှော် အောင်
မအေးငြိမ်းသမို့ မုကြည်မြနိုင်ဘု၊(ဘုရားသျှင်မှာလေ ခြေမတော်၌
သွေးစိမ်းတည်ရပါသည် ဈကြား)။

---

**တေးထပ်**။ ။ပါရမီအစုံပြေ့(ပြည့်)ပါတဲ့၊ ဘုံမဟော့မြတ်စွာ၊
ဝါသတ္တာ ကြိမ် အ ခါ မှာ ဝတ်ံ သာ ကြွ သွား။ ။ဘိ ခ မွှာ မြတ်
ရွှေ စာ ကို၊ နတ် ဒေ ဝါ ဟော မြွက် မိန့် ကြား။ ။သီတင်းကျွတ်
ပုဏ္ဏမိန်မှာ၊ဘုံတသိရ်ထွတ်ဖျား။ လူ့ရပ်ဌာန် ပြန်ငြားလို့၊ လူ့နတ်
များ ကြို ဆို။ ။သင်္ကဿ မြို့တော် ဆိုက် ပြန် တော့ ဦး တိုက် ကြ
များလှုကြည်သို၊လောကဓါတ်ငြိမ်းတခိုမှာ၊ကျမ်းအဆို ကျောင်းရာ
မြတ်ကိုလ၊ ပေါင်းကာမှတ် မှန်းချင့်စေရာ၊ ပန်းပွင့်ဝေဆာ။ ။
နန်းအမြင့် ပဒေသာလို စေတနာ ပြည့်ကြောင်းကွဲ့လေး။

လေးချိုး။ ။သခင် ဘဂဝါ အတိ ဥက္ကဋ္ဌာထက် သဒ္ဒါ အမှန်
ပွါးလောက်ပါရဲ့၊ အသျှင်သာရိပုတြာဟာလေ လက်ျာရံ တပါး
ပေမဲ့ သက် သာ ရန် မ ထား ပေ ဘု နှောင် ဝတ် ဆိုင်၊ (အိုကွယ်)
ထက်ဝဋ္ဋာ န ဘ ခြား သော် လဲ ရှောင် မ လွတ် နိုင်။ ။ဪ....
အနိစ္စဟာမို့ စိတ်မချရပါကလား၊ ဘိဇ္ဇနတရားတွေ့ တခါကြုံတော့
အမတာဘုံ အမြိုက်နန်းကိုလ ဆိုက်မှန်းကာ ကြံယူဆပါလို့ စံနမူ
ပြစရာ မထေရ်ထူးကိုကွယ် ဦးချပိုင်ပိုင်။ ။ဆွေးဘွယ်နော် အချိန်
အခါ ကျပြန်တော့ မွေးမယ်တော် အိမ်ဌာနဆီသို့ မြန်းကြပါတဲ့
ထွတ်ထီးခရိုင်၊ ဝတ်မီးဆိုင်ကိုကွဲရှောင်ကာသွား။မြန်းကြရာလေလေ့
မြန်းကြရာ မှန်းဆကာ ဤဌာနေ၌ စည်ကာချေမျှော်လို့ ဖူးသော်လဲ၊
တဦးလျှင် ခပေါ်လာ၍ အော်ကာသာ တကယ်ဟစ်လိုက်ချင်ပေါ့၊
ဪ....အလွယ်မဖြစ်သမို့ အရှားတကာတွင် ရှားပါရဲ့၊ (အိုကွယ်)
အနွယ်စစ်ပါတဲ့ ဘုရားဘဂဝါရဲ့ သားရတနာတပါး။ ။

---

လေးချိုး။ ။ရွှေတံဆိပ်တမျှ အ ရောင် တော် နေ ခြည် ဟပ်
သလိုပ ဝေဒိဿက တောင်ပေါ် စေတီမြတ်ရယ်က၊ မြေမဟီရပ်တွင်
ဖြင့် အထူးကျော်တာ၊ (အိုကွယ်) ကေ သီ ဓါတ် တွေ နှင့် ဖူး မျှော်
စရာ။ ။တသောင်းတိုက်မှာလ ဒေါင်းမကိုဋ်လိုပေါ့၊ စောင်းငိုက်
ကာ ဦးညွှတ်ခင်းပါလို့ ခေါင်းလိုက်ရာ အဖူးအထွတ် သင့်နှင်းကို
ကွယ် လင်းတဲ့တေဇာ။ ။မိုကပ်ဥာဏ် ဖန်တည်ဆပါလို့ ဤရပ်ဌာန်
မြန်ပြည်နဂရဆီက၊ ဆံပြည် ခ,ကာဘွဲ့ ဂန္ဒနာ၊ ညွန်တကျာရယ်မှ
လွတ် စေ ကြောင်း။ ။ဘေးကင်းဘို့ဖန် အေးခြင်းရည်ပွေ့ကြံလို့၊
ပြည်ခေမ မကိုဋ်ဖူးကိုလ၊ ဗမ္မာဿဝအလယ်မှာလေ၊ မုချလွယ်လွယ်

နှင့်ခူးရန်ဘို၊ အထူးနှော် စေတနာနှင့် တဖေမွှာ သေအချာပြုလိုက် တယ်ကွယ်၊ အေးမှုဆုတောင်း။ ။

---

လေးချိုး။ ။တရားအစဉ် ချွတ်ချော်လို့ မယွင်းပြီဘု၊ ဘုရား သခင်ကိုလေ ဝဋ္ဍ တော် နှင်း ရှာ တော့၊ ထွဋ္ဍမဟော် သဋ္ဌနင်းပေမဲ့ မတိမ်းမလှဲ့သာ။ (အိုကွယ်) ဇွတ်ကျော်လို့ မငြင်းသာဘု ယိမ်းနွဲ့ ကာ....၊ရည်စိတ်ကယ် သန့်ပါတယ် ပြည်နိဗ္ဗာန် မြန်းရာကိုမှတ်ပါလို့၊ ရဟန္တာမြတ်တွေ ရုံအရွေနှင့် မှန်မှန် အနေ ဆက်ကာ ဆက်ကာ သွားလေတော့ ကံကံ အခြေဟာလေ မသက်ညှာတဲ့ အလားပေ ပေါ့၊ ဝက်သားပျို့စုန္ဒ ဆွမ်းရယ်ကြောင့် ဝမ်း သွေး သွန် ရှာ။ ။ လမ်းခရီး စခန်းမှာ တသွင်သွင် သွား တာ မို့ အ ပန်း ကြီး ပန်း ရှာ အသျှင်ဘုရားငယ်က၊ ဘဝင်သားမှာတော့ ပူရှိန်ဟပ်၍ မနေသာ၊ ရေ ရှာ ပါ ကွဲ့ ကပ် ပါ စမ်း။ ။မြတ်ဗုဒ္ဓမှာလေ့လေ့ မြတ်ဗုဒ္ဓါမှာ ဓါတ်ရုပ်ဟာ တည် မ ခိုင်လို့...မကြည်နိုင်ခွေယိုင်တဲ့ အ တွက် ကယ် ကြောင့်၊ မ သက် မ သာ တွေး တဲ့ ပြီး ဖြေ ဆီ ကာ မ စွမ်း နိုင် ဘု၊ (ညီတော် အာနန္ဒာမှာကွယ်....) မျက်နှာကလေး မဲ့မဲ့နှင့် ရေ ကြည် ရှာရာကမ်း။ ။

---

လေးချိုး။ ။သည် ဂ နိုင် တော ညို ညို့ မှာ လု၊ မဆည်နိုင် ဇောဖိုဆို့တာကြောင့် ပြောဆိုလို့သာပ ငိုလိုက်ချင်။ ။မလ္လာမင်း ငယ်တို့ အင်ကြင်းရဂုံ မြိုင်မို့ ငု့အခိုင် ပြန့်ပြန့်ကြူးတယ်....ထူးမြတ် စည်ပင်။ ။ဘဂဝါ ထိပ်ပန်မှူးရယ်က၊ အမတာဗိမာန်ထူးငယ်သို့၊ နိဗ္ဗာန်ကူးရာကွဲ့ သည်ဥယျာဉ်၊ ကြည်နူးမရှင်နိုင်ဘူး ခွေကာပမ်း။ ။

လွှမ်းပျိုးပုံလေလေ့ လွှမ်းပျိုးပုံ ပန်းမျိုးစုံ သည်ဌာနကိုလ၊ အဝေး မျှော်ရည်ကာ ဆရတယ်၊ ပြည်အမတာကြွလို့ ဖိုလ် ဇော ထိပ် ကာ ဖျန်းလှချေရဲ့၊ (တပည့်တော်တို့မှာ ဘုရား) မကြည်သာလှသမို့ ကိုယ်ရော့ စိတ်ပါ မလန်း။ ။

---

တေးထပ်။ ။ ရာဇဂြိုဟ်အနီးရှင့်၊ စ ရည်းပင့်ရောက် ရာ ခရီး ဖြင့် အထောက်မကွာသည်၊ နောက်သာသနာတည်ကြောင်း၊ ပန်း မြိုင် တောဂူလိုဏ်မှာ တူပြိုင်ကာ ရွတ်ကြပေတောင်း၊ ဇာတသတ် မြတ်ဘုရင်၊ မှတ်ယှဉ်ကာတူပေါင်း၊ ထေရ်ငါးရာ အသျှင် ကောင်း တွေတို့ ကျောင်း မကျွပ်ဆောက်ကာ၊ တာဝတိံ သုဓမ္မာစရပ်လိုပ၊ ရှုစရာမလပ် တင့်လှပေတာ။ ။ပထမ သံဂါယနာမှာ၊ အသျှင်မဟာ ကဿပမှူးပါလို့၊ မြတ်လှအထူး ပေါင်းစုတင်သည်၊ ကောင်းမှုယှဉ် တည်။ ။မြတ်ဗုဒ္ဓ စက်ရောင်ခြည်မှာ လက်ပြောင်ကြည် ထိန်းဝင်း လို့လေး။ ။

---

## နွားသားမစားရန် (သပြန်ဒွေချိုး)

တရား ပြဟွမ်စိုရ်မကွာ ရှေး ဦး တင် ၍ ချစ်လိုက်ကြပါတော့၊ နွားဆိုတာ ကျေးဇူးရှင် အစစ်ဟာမို့၊ တွေးကျူး ဆင်ခြင်၍ စစ်လိုက်တော့၊ ကျွန်တော်တို့အသားကို မစားရက်ကြစရာပါ။ ။ ညြော်....ဂရုဓမ္မ တရားတွေနဲ့ ရှုဆလို့လဲ ထားလိုက်ကြပါတော့၊ ယခုရကြတဲ့ စပါးတွေဟာ ဘယ်အခြေရင်းပါလဲ၊ လယ်မြေအတွင်း မှာ ခြေကန်ကာ ထွန်ခဲ့ကြပါသော တဘန်၊ နှမ်း ဂျုံ ကုလားပဲ ခရမ်း ဖရုံ ခဝဲ အချို့ ပြုပ်သခွါးတွေနဲ့၊ ကျုပ်တို့နွားမှာ အပူတပွေ ရှုပ်လှ

ချေရဲ့၊ ခင်ဗျားတို့ လူတွေအဘို့ လုပ်ခဲ့ရပါသဗျ၊ သတ်ခါလဲ မစား လိုက်ပါနဲ့ ဂေါ်ကာမဟိ သအသား။ ။

---

**မေတ္တာစာ**

လောကဥ္စ ချိန်စာပါတယ်၊ ဂေါ်ကာမဟိသာ ညီညာဘက်ကယ် လို့....ဇီဝါအသက်ကို ကယ်ချီတင်သည့် လယ်တီရှင် ဘုန်း။

ကျွဲနွားမှာမူ အမြဲသနားသူ ဆရာမထေရ် ကွယ်ခဲ့လျှင်၊ ရွာ ပြည် နယ် ဘယ်သူ့ကို ထားခဲ့ပါသတုံးဘုရား၊ မံသံကို ပြန်လှန်၍ စားကြ တာကြောင့် ကျွဲမဟိ တပည့်တော်နွားတို့မှာဘုရား၊ အားနွဲ့ခါ ချုံး လှေချေရဲ့ ဆရာတော်ဘုရား တားလှည့်ပါအုံး။

**သကြံန်ဘွဲ့ လေးချိုး**

ရွက်ဟောင်းကြွေ မြူတွေသန်းပါလို့၊ ရွက်နုတွေ စိမ်းဝေလို့ လန်းသနဲ့။ (အိုကွယ်....) ကိန်းရေတခဏ်းရယ်တဲ့ ဆန်းခဲ့ပြီ။

တနှစ်တနှစ်ကယ်နှင့် အသစ်သစ် ပြန်ကာလွန်လို့၊ နာမ်ကာယံ ရုပ်တသင်းမှာဖြင့်၊ ဝိပရိဏာမအဆုတ်အကြွင်းပေသမို့ (ကွယ်) ယွင်း အိုခဲ့ပြီ။

သေရမည့် အိမ်အတွင်းဟာမို့၊ သေမင်းရှင် ချိန်စာရင်းတွင်ဖြင့် တကြိမ် သွင်းပါလို့ ချဉ်းခဲ့ပြီ၊ ဩော် .... မသတိစရာပ, ကြောက် စရာကောင်း။

မတိမ်းမလွတ် မမေ့ကြပါနှင့်၊ ယခုလိုအခါဟာလေ သူတော်စင် အထိမ်းအမှတ်နေ့ပါဘဲ၊ သိမ်းမှတ်ခါ သံဝေယူလို့၊ အမတံခေငူ နိဗ္ဗာန် တမွက်ကိုလ၊ ဆိုက်ကပ်ရန် သဒ္ဒါပြင်သနဲ့၊ ဒါသီလင် အနား အကွတ် အချုပ်တွေနဲ့ ဘာဝနာ အယာဥ် တရား အဟုတ်ကိုကွယ်။ အားထုတ်စရာ့အကြောင်း။

၁။ မြင့်မိုရ်ရွှေတောင် မိဘကျေးကို ကောင်းစွာဆပ်ပေး ဝတ်ကြေကြေ။
၂။ အသက်ဂုဏ်ဝါ ကိုယ့် ထက်ကြီးက ဆည်းကပ် ခစားရိုသေသေ။
၃။ မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ့်ချ အမြဲနေ။
၄။ ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ။
၅။ ဝတ်စားနေထိုင် ရန်ခပ်သိမ်း စိတ်ကိုချုပ်ထိန်း သိမ်းခံလေ။
၆။ လိမ္မာယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပ ါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။

---

## ဝါတ် (၆) ပါး ပါဠိအနက်

ဒိဋ္ဌိခွါ၍ ဝိပဿနာရှုရန် တရားတော်။

## ( ၁ ) ပထဝီဓါတ်

ညောင်းသောအခါဖြစ်လျှင်

ပထဝီ ဓါတုသုညာ၊ အတ္တေနဝါ အတ္တနိယေနဝါ

ပထဝီဓါတု၊ တောင့်တင်း ခိုင်မာ ညောင်းညာခြင်း လက္ခဏာရှိသော ပထဝီဓါတ်သည်။ အတ္တေနဝါ၊ ညောင်းတတ်သော ငါမှ ၎င်း။ အတ္တနိယေနဝါ၊ ညောင်းတတ်သော ငါ့ဥစ္စာမှ၎င်း။ သုညာ သက်သက်မရှိသုဉ် ၏။ ။ညောင်းညာတတ်သော ပထဝီဓါတ်၌ ငါမရှိ၊ညောင်းညာ တတ်သော ပထဝီဓါတ်သည် ငါ့ဟာ မဟုတ်၊ ငါ မညောင်း၊ ပထဝီဓါတ်ကသာ ညောင်းသည်၊ ညောင်းတတ် ညာတတ်သော ငါဟူ၍ မရှိ။ ။

## ကမ္ဘာ့ဗုဒ္ဓဘာသာ သာသနာပြု ဦးစီးအဖွဲ့ချုပ်၏ မဟာနာယက ဓမ္မကထိက ဘိလပ်ပြန် ရွှေဘို ဦးအာသဘ ဆရာတော် ဟောပြသော တရားတော်

၁။ မမေ့မလျော့နေကြ။
၂။ ဘယ်သူ ကဲ့ရဲ့ ကဲ့ရဲ့ ဘုရားမကဲ့ရဲ့အောင်နေကြ။
၃။ သူများအတင်း မပြောနှင့်။
၄၊ တယောက်ထဲ သင့်အောင်နေ။
၅။ သူများစိတ်မဆိုးအောင်နေ။
၆။ ကိုယ့်အလိုအတိုင်း မရှိစေရ။
၇။ လူပင်အိုသော်လည်း နာမည်မအိုပါစေနှင့်။

---

### ငွေ ၂၀၀ဝိ - ၃၀၀ဝိ မကုန်ဘဲ

# ဘုရားဖူး နိုင်ပြီ

နိုင်ငံကျော် ရွှေဘို ဦးအာသဘ ဆရာတော်သည် ဗုဒ္ဓနွယ်ဝင် သူတော်စင် အများတို့အား ကောင်းမြတ်သော စိတ်ထားဖြင့် အိန္ဒိယ သီဟိုဠ်၊ ဗုဒ္ဓဂါယာ၊ ဒိန်းမတ် - စသော အဖြာဖြာသော မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်စက ပရိနိဗ္ဗာန်စံလွန်တော် သည်အထိ ဒေသစာရီ လှည့်လည် ကြွသွား သီတင်း သုံးတော်မူရာ ဋ္ဌာနများနှင့် ဘုရားဖူးသွားရာ ခရီးစဉ်များပါမကျန် မဇ္ဈိမဒေသ တွင် ၅-နှစ်ကျော်မျှ စုဆောင်း ရှာဖွေ ရိုက်ကူးလာသော (ဗုဒ္ဓဝင် ဇာတ်တော်ကြီးကို ဆလိုက်ထိုး၍) မြသာ မောာ ကြွအား တော် မူမည် ဖြစ်ပါကြောင်း။

ထုတ်ဝေသူ—

ရွှေဘို-ဦးအောင်သာဘ
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
ကင်းလွတ်ခွင့်အမှတ်-၀၆၁၁
သင်္ကန်းကျွန်းလမ်းဆုံ-တာမွေလေးရပ်၊
ကန်ဘဲ့စာတိုက်-ရန်ကုန်မြို့။

ပုံနှိပ်သူ—

ဒေါ်ခင်နု-၀၁၀၅၅
ပြည်သူ့ပုံနှိပ်တိုက်၊
၆၅/၉၃-လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။

ဘာသာရေးခွင့်ပြုချက်အမှတ်-(၂၄၇၀)